သတင်းထုတ်ပြန်ချက်　　　　　　　　　　　　　　　　　　　　　　　၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်

**တနင်္သာရီဒေသရှိ ရွာသားများနှင့် သဘာဝပတ်ဝန်းကျင်အတွက် ရေရှည်တည်တံ့သော အနာဂတ်ကို ဖော်ဆောင်ရန် "အောက်မှအထက်" ကျေးလက်မှ ဦးဆောင်သောဖွံ့ဖြိုးရေးပုံစံကိုတင်ပြခြင်း**

ယနေ့ ၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်နေ့ ရန်ကုန်မြို့တွင် ထုတ်ပြန်သည့် တနင်္သာရီမြစ်မကြီးနှင့် ဌာနေတိုင်းရင်းသားကွန်ရက် (TRIP-NET) ၏အစီရင်ခံစာတွင် အထက်မှအောက်သို့ ချပေးသည့် ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒနှင့် လုပ်ငန်းများ၏ ဆိုးကျိုးဒဏ်ကို ခံနေရသည့် တနင်္သာရီတိုင်းဒေသကြီးရှိ ကမိုသွေးမြစ်ဝှမ်းမှ ရပ်ရွာလူထုများသည် ဒေသခံတို့ဦးဆောင်သော ရေရှည်တည်တံ့နိုင်မည့် မိမိတို့ကိုယ်ပိုင်ဖွံ့ဖြိုးရေးလုပ်ငန်းကို အကောင်အထည်ဖော် ကျင့်သုံးနေကြခြင်းနှင့် ယင်းလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်နှင့် မျိုးဆက်ပေါင်းများစွာ နေထိုင်လာခဲ့ကြသည့် ဌာနတိုင်းရင်းသားများအား အကျိုးဖြစ်ထွန်းစေသည်ဟု ဖော်ပြထားသည်။

"ဒို့...ပိုင်ဆိုင်တဲ့ သဘာဝအရင်းအမြစ်ကို ဒို့...စီမံခန့်ခွဲစို့" ဟုအမည်ပေးထားသော အစီရင်ခံစာ၌ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဖွင့်ပေးခဲ့ပြီးနောက်၊ ဗဟိုအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးကြား အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းများကို အကျိုးခံစားမှုဖြစ်စေသော ဥပဒေများပြဋ္ဌာန်း ခဲ့ပြီးနောက်တွင် တနင်္သာရီတိုင်းအတွင်းရှိ နေရာဒေသအများအပြားတွင် အကြီးစား မြေသိမ်းမှုများပေါ်ပေါက်ခဲ့ရသည်။ သဘာဝအရင်းအမြစ်များ ထုတ်ယူရေးနှင့် စက်မှုကုန်ကြမ်းသီးနှံများကို လုပ်ခဲ့သည့် စီးပွားရေးစီမံကိန်းများက ပျက်စီးမှုများကိုဖြစ်စေခဲ့သည်။ တချိန်တည်း၌ပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မိမိတို့၏ လုပ်ငန်းရှင်လူမှုရေးတာဝန် (CSR) အစီအစဉ်ဖြင့် နိုင်ငံတကာပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများကလည်း ဗဟိုအစိုးရနှင့်တွဲ၍ ကြီးဝိုင်းသစ်တောကွက်များ ဧရိယာကျယ်ကျယ် ထူထောင်ထားရှိနိုင်ရန် ကြိုးပမ်းနေကြသည်။ သို့သော် ယင်းလုပ်ရပ်သည် မရည်ရွယ်ဘဲနှင့် မြေသိမ်းမှုများနှင့် အတင်းအဓမ္မမောင်းထုတ်မှုများတို့ကိုလည်းကောင်း၊ သဘာဝသယံဇာတများ ထိန်းချုပ်ခွင့်နှင့် အသုံးပြုခွင့် ဆုံးရှုံးမှုကိုလည်းကောင်း ဖြစ်စေခဲ့သည်။ ဒေသခံရပ်ရွာလူထုများသည် ဤအစွမ်းထက်လှသော အင်အားစုနှစ်ခုကြားတွင် ညပ်နေပြီး မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုများနှင့် ဒေသန္တရပတ်ဝန်းကျင်တို့ကို လက်လှမ်းယူသုံးစွဲခွင့် ဆုံးရှုံးကုန်ကြသည်။

"ပဋိပက္ခဖြစ်ပွားနေတဲ့နေရာတွေမှာ အထက်ကနေ အောက်ကိုချပေးတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေဟာ ဒေသခံရပ်ရွာလူထုတွေရဲ့ အသက်မွေးဝမ်းကျောင်းနဲ့ ပတ်ဝန်းကျင်တွေကို ဖျက်ဆီးနေတာတင်မကဘဲနဲ့ 'ပတ်ဝန်းကျင်ထိန်းသိမ်းရေး' လို့ အပေါ်ယံမှာတွေ့ရတဲ့ ကြိုးပမ်းချက်တွေရဲ့ ခြိမ်းခြောက်မှုအသစ် တွေဟာလည်း ဒေသန္တရပတ်ဝန်းကျင်အပေါ်မှာ မှီခိုအားထားနေရတဲ့ အဲဒီပြည်သူတွေရဲ့ ခံနိုင်ရည်နှင့် အထောက်အကူတွေပါ ဖျက်ဆီးနေတယ်" ဟု TRIP-NET အဖွဲ့ တာဝန်ခံ စောဖရင်ကီအေဘာရှူးက ယနေ့အစီရင်ခံစာထုတ်ပြန်ပွဲ၌ ပြောသွားသည်။

သို့သော်လည်း ဤဖိအားများကို ကြုံတွေ့နေရသော ကမိုသွေးမြစ်ဝှမ်းမှ ဒေသခံရပ်ရွာလူထုများသည် အခြေခံလူထု၏ အစားထိုးလမ်းကြောင်းကို မိမိတို့ဖာသာ ဖော်ထုတ်လုပ်ဆောင်နေကြသည်။ ယင်းမှာ ဒေသန္တရပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံလင်ထွေပြားမှုကို ထိန်းသိမ်းလျက်၊ သဘာဝသယံဇာတများ အသုံးပြု

ရေးနှင့် စီမံခန့်ခွဲရေးကို ဒေသခံတို့၏လက်တွင်းထားကာ၊ ဌာနေတိုင်းရင်းသားယဉ်ကျေးမှုကို ထိန်းသိမ်းထားသည့် အများပါဝင်လုပ်ဆောင်နိုင်သော အောက်ခြေမှအထက်သို့ ချဉ်းကပ်သည့် ပုံစံတစ်ခုဖြစ်သည်။

ဒေသန္တရအဖွဲ့အစည်းကွန်ရက်များဖြစ်သော ကမိုသွေးဌာနေတိုင်းရင်းသားများနှင့် သဘာဝရေးရာ ခြည်အဖွဲ့ (RKIPN)၊ လူထုအခြေပြု ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (CSLD)၊ နှင့် တနင်္သာရီမြစ်မကြီးနှင့် ဌာနေတိုင်းရင်းသားကွန်ရက် (TRIP-NET) စသည်တို့၏ ဦးဆောင်မှုဖြင့် ကမိုသွေးမှ ကျေးရွာ ၁၁ ရွာသည် ယခုထိအောင်မြင်ထမြောက်ခဲ့ပြီးသမျှထဲတွင် ကိုယ်စားပြုခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များရခဲ့ကြသည်။ ယခုအစီရင်ခံစာတွင် ငါးထိန်းသိမ်းရေးနယ်မြေများ၊ ရပ်ရွာလူထုဦးစီးသစ်တောထိန်းသိမ်းရေးနှင့် ဒေသန္တရရေပေးစနစ် အပါအဝင် အဆိုပါအောင်မြင်မှုများကို အသေးစိတ်တင်ပြထားပါသည်။

"အဲဒီစီမံကိန်းများတွေရဲ့ အောင်မြင်မှုတွေက ဘာပြနေသလဲဆိုရင် ဒေသခံရပ်ရွာလူထုတွေမှာ ဒေသန္တရပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ကောင်းကောင်းခေါင်းဆောင်နိုင်စွမ်းရှိပြီးတော့ သူတို့ကိုယ်တိုင်ဆုံးဖြတ်တဲ့ ဖွံ့ဖြိုးရေးဦးစားပေးကိစ္စတွေရဲ့ လိုအပ်မှုတွေအပေါ် အခြေခံပြီးတော့ စီမံကိန်းတွေကို ကောင်းကောင်းကြီး အကောင်အထည်ဖော်နိုင်တယ်" ဟု RKIPN အဖွဲ့ ဥက္ကဋ္ဌ စောခို ကဆိုသည်။

ကမိုသွေးမှ ရွာသူရွာသားများနှင့် ဒေသန္တရကွန်ရက်များတို့သည် သဘာဝနှင့် ဌာနေတိုင်းရင်းသားတို့၏ အသက်မွေးဝမ်းကျောင်းမှုများကို အတူတကွထိန်းသိမ်းပေးသည့် အစားထိုးပုံစံတစ်ခု ဖော်ဆောင်နိုင်မည့် အုတ်မြစ်တစ်ခုကို ချပေးခဲ့ပြီးဖြစ်သည်။ ယင်းပုံစံတွင် ဒေသခံပြည်သူများသည် မိမိတို့၏မြေနှင့် သယံဇာတများကို အမှန်တကယ်ပိုင်ဆိုင်သူများ၊ စီမံခန့်ခွဲသူများဖြစ်ကြသည်။ ရှေ့ဆက်၍ ယင်းကွန်ရက်များအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် အလုပ်လုပ်နေကြသော အဓိကကျသည့် ဆုံးဖြတ်ချက်ချသူများ၊ ပညာရှင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် တက်ကြွလှုပ်ရှားသူများအား ကမိုသွေး ရပ်ရွာအသိုင်းအဝိုင်းထံမှ လေ့လာရန်နှင့် တရားမျှတ၍ ရေရှည်တည်တံ့နိုင်မည့် အနာဂတ်ဆီသို့ တန်းတူရည်တူလုပ်ဖော်ကိုင်ဖက်များအဖြစ် အတူတကွလုပ်ကိုင်ချိတက်ရေးအတွက် ဖိတ်ခေါ်ပြီး ထိတွေ့ဆက်ဆံနိုင်ရန် မည်သို့ရည်ရွယ်ပုံကို အစီရင်ခံစာ၌ ဖော်ပြထားသည်။

***အယ်ဒီတာများအတွက်မှတ်ချက် -***

ဤအစီရင်ခံစာကို မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ မီကာဆာဟိုတယ်၌ ၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

***နောက်ထပ်သိရှိလိုပါကလည်းကောင်း၊မီဒီယာအင်တာဗျူးများအတွက်လည်းကောင်းဆက်သွယ်ရန်မှာ -***


စောဖရင်ကီ + ၉၅ (၀) ၀၉၇၈၃၆၀၉၁၈၀၊ franktheera@gmail.com (မြန်မာ၊ အင်္ဂလိပ်ဘာသာ)

စောခို + ၉၅ (၀) ၀၉၂၅၂၆၄၂၃၂၅ (ကရင်၊ မြန်မာဘာသာ)

စောကဲဒို + ၉၅ (၀) ၀၉၄၉၃၃၇၄၉၂ (ကရင်၊ မြန်မာဘာသာ)

ဂျယ်ရက်ဒ် + ၉၅ (၀) ၀၆၂၂၇၃၀၇၅၄၊ jwnaimark@gmail.com (အင်္ဂလိပ်ဘာသာ)